# လူမှုကွန်ယက်ပေါ်မှာ ရေးသားမှုများနှင့် အွန်လိုင်း ပြောဆို ဆက်သွယ်မှုများကြောင့် ဖမ်းဆီးအရေးယူခံရမှု အခြေအနေ

## အစီရင်ခံစာ အမှတ်စဉ် (၃၆) | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ

Data for Myanmar

ယခုအစီရင်ခံစာမှာ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့ကနေ ၂၀၂၆ ဩဂုတ်လ ၃၁ ရက်နေ့အထိ အချက်အလက်တွေပါဝင်ပြီး ပြည်တွင်းပြည်ပက မူဝါဒချမှတ်သူတွေအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။


## အရေးကြီး အချက်များ

- စစ်အာဏာသိမ်း ငါးနှစ်ကျော်ကာလအတွင်း လူမှုကွန်ယက်ပေါ်မှာ စစ်ကောင်စီကို ဆန့်ကျင် ဝေဖန်ပြီး လူထုလှုပ်ရှားမှုတွေနဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေကို အားပေးထောက်ခံတဲ့ ရေးသားမှုတွေ၊ ပြောဆိုဆက်သွယ်မှုတွေကြောင့် ဖမ်းဆီးခံရသူ ၂,၀၂၉ ဦး ရှိခဲ့ပါတယ်။

- ဖမ်းဆီးအရေးယူမှုတွေ စတင်ခဲ့တဲ့ ၂၀၂၂ ခုနှစ်မှာ ၈၇၄ ဦး ဖမ်းဆီးအရေးယူခံရပြီး၊ ၂၀၂၂ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် နှစ်အလိုက် ဖမ်းဆီးအရေးယူခံရသူဦးရေ ဆက်တိုက် ကျဆင်းလာတာတွေ့ရပါတယ်။

- မြန်မာနိုင်ငံထဲက မြို့နယ်ပေါင်း ၂၂၇ မြို့နယ်မှာ ဖမ်းဆီးအရေးယူတဲ့ ဖြစ်စဉ်တွေရှိခဲ့ပြီး အများစုက ရန်ကုန်၊ မန္တလေး၊ ပဲခူး စတဲ့ မြို့ကြီးတွေမှာ ဖြစ်ပါတယ်။

- ၂၀၂၆ ခုနှစ်အတွင်းမှာ လုံခြုံရေးထိပါးမှုမဟုတ်ဘဲ နိုင်ငံရေး အမြင်သဘောထားမတူတဲ့ မှတ်ချက်ပေးမှု၊ မျှဝေမှုတွေကိုပါ ဖမ်းဆီးအရေးယူတဲ့ဖြစ်စဉ်တွေလည်း ပါဝင်လာတာ တွေ့ရပါတယ်။




Source: Data for Myanmar • Created with Datawrapper

## အဓိက ကိန်းဂဏန်းများ

| ၂,၀၂၉ | ၂၆ | ၉၆၉ | ၃၅% |
|---|---|---|---|
| ဖမ်းဆီးခံရသူ စုစုပေါင်း | ၂၀၂၆ ခုနှစ်အတွင်း ဖမ်းဆီးခံရသူ ဦးရေ | ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း အတွင်းမှ ဖမ်းဆီးခံရသူဦးရေ | ဖမ်းဆီးခံရသည့် အမျိုးသမီး ရာခိုင်နှုန်း |

## ၁။ နောက်ခံအကြောင်း

စစ်အာဏာသိမ်းကာလအတွင်း လူထုလှုပ်ရှားမှုတွေ အတွက် အရေးပါတဲ့ လူမှုကွန်ယက်ပလက်ဖောင်းတွေကို စစ်ကောင်စီက နည်းလမ်းအမျိုးမျိုး ထိန်းချုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီ နည်းလမ်းတွေထဲမှာ အင်တာနက် ဖြတ်တောက်တာ၊ အင်တာနက်ဝဘ်ဆိုဒ် စာမျက်နှာတွေကို ပိတ်ပင်တာအပြင် **Facebook** လို လူသုံးများတဲ့ လူမှုကွန်ယက် ပလက်ဖောင်းတွေကို အသုံးမပြုနိုင်အောင် ပိတ်ပင်တာတွေလည်း ပါဝင်ခဲ့ပါတယ်။

ဒါ့အပြင် လူမှုကွန်ယက်ကနေ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နဲ့ ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃(က)နဲ့ တည်ဆဲဥပဒေတွေနဲ့ အရေးယူခံရမယ်လို့ ၂၀၂၂ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ စစ်ကောင်စီက သတင်းထုတ်ပြန်ခဲ့ပါတယ်။ **PDF Game** တွေ မဆော့ဖို့၊ အမုန်းစကားတွေ မပြောကြဖို့လည်း သတင်းစာတွေကနေ အသိပေးကြေညာခဲ့ပါတယ်။ ဖမ်းဆီး အရေးယူတာတွေကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

စစ်ကောင်စီအနေနဲ့ လူမှုကွန်ယက်တွေပေါ်က ရေးသား ပြောဆိုမှုတွေကို စောင့်ကြည့်အရေးယူတာတွေရှိသလို မြေပြင်က လုံခြုံရေး စစ်ဆေးရေးဂိတ်တွေမှာ ဖုန်းတွေ စစ်ဆေးပြီး ဖမ်းဆီးအရေးယူတာတွေလည်း ရှိပါတယ်။ စစ်ကောင်စီကို ထောက်ခံတဲ့ တယ်လီဂရမ် ချန်နယ်တွေကလည်း အွန်လိုင်းပေါ်က ပြောဆိုရေးသားမှုတွေကို စောင့်ကြည့်ပြီး ဖမ်းဆီးအရေးယူနိုင်အောင် ကိုယ်ရေး အချက်အလက်တွေ စုဆောင်းပေးပို့တာတွေ၊ စစ်ကောင်စီကို ဖိအားပေး တိုက်တွန်းတာတွေ လုပ်ဆောင်ခဲ့ကြပါတယ်။


ဖမ်းဆီးမှုတွေ စတင်ခဲ့တဲ့ ၂၀၂၂ ခုနှစ်မှာ **Facebook** လို လူသုံးများတဲ့ လူမှုကွန်ယက်မီဒီယာတွေပေါ်က ပြောဆို ရေးသားမှုတွေကိုသာ အဓိကထား အရေးယူခဲ့ပြီး ၂၀၂၃ နဲ့ ၂၀၂၄ ခုနှစ်ထဲမှာတော့ TikTok ပေါ်က အကြောင်းအရာတွေကိုပါ စောင့်ကြည့်အရေးယူတာတွေလည်း ပါဝင်လာပါတယ်။ ဖမ်းဆီး အရေးယူခံရသူတွေထဲမှာ အနုပညာရှင်တွေ၊ သတင်းသမားတွေ၊ တတ်ကြွလှုပ်ရှားသူတွေအပြင် လူထုအကြားထင်ရှား ကျော်ကြားသူတွေလည်း ပါဝင်ခဲ့ပါတယ်။ ဖမ်းဆီး အရေးယူမှုဖြစ်စဉ်တွေကိုလည်း နေ့စဉ်သတင်းစာတွေနဲ့ စစ်ကောင်စီကိုထောက်ခံတဲ့ သတင်းမီဒီယာတွေကနေ ဖော်ပြခဲ့ပါတယ်။

## ၂။ လေ့လာဆန်းစစ်ချက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လကုန်အထိ ကောက်ယူစုစည်းထားတဲ့ အချက်အလက်တွေအရ စစ်အာဏာသိမ်း ငါးနှစ်ကျော် ကာလအတွင်း လူမှုကွန်ယက်ပေါ်မှာ စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်ပြီး လူထုလှုပ်ရှားမှုတွေနဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေကို အားပေးထောက်ခံတဲ့ ရေးသားမှုတွေ၊ ပြောဆို ဆက်သွယ်မှုတွေကြောင့် ဖမ်းဆီးခံရသူ ၂,၀၂၉ ဦး ရှိခဲ့ပါတယ်။

**နှစ်အလိုက် ဖမ်းဆီးအရေးယူမှု အခြေအနေ**ကို ကြည့်မယ်ဆိုရင် ၂၀၂၂ ခုနှစ်မှာ ဖမ်းဆီးခံရသူ ၈၇၄ ဦး၊ ၂၀၂၃ ခုနှစ်မှာ ၆၁၄ ဦး၊ ၂၀၂၄ ခုနှစ်မှာ ၃၇၅ ဦး၊ ၂၀၂၅ ခုနှစ်မှာ ၁၄၀ ဦးနဲ့ ၂၀၂၆ ခုနှစ် (ဩဂုတ်လကုန်အထိ) ထဲမှာ ၂၆ ဦး ရှိခဲ့ပါတယ်။

**နှစ်အလိုက် ဖမ်းဆီးအရေးယူမှု အခြေအနေ**





Source: Data for Myanmar (D4M) • Created with Datawrapper

ဖမ်းဆီးအရေးယူမှုတွေ စတင်ခဲ့တဲ့ ၂၀၂၂ ခုနှစ်မှာ ၈၇၄ ဦး ဖမ်းဆီးအရေးယူခံရပြီး၊ ၂၀၂၂ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် နှစ်အလိုက် ဖမ်းဆီးအရေးယူခံရသူဦးရေ ဆက်တိုက် ကျဆင်းလာတာတွေ့ရပါတယ်။

**ပြည်နယ်နဲ့ တိုင်းအလိုက်** ကြည့်မယ်ဆိုရင် ရန်ကုန်တိုင်းမှာ ဖမ်းဆီးခံရသူ ၅၀၄ ဦး၊ မန္တလေးတိုင်းမှာ ၄၆၅ ဦးရှိခဲ့လို့ ဖမ်းဆီးအရေးယူမှုများတဲ့တိုင်းတွေ ဖြစ်ပါတယ်။ ပဲခူး၊ မကွေး၊ ဧရာဝတီနဲ့ ရှမ်းပြည်နယ်တွေမှာလည်း ဖမ်းဆီးခံရသူ ၁၀၀ နဲ့အထက် ရှိတာတွေ့ရပါတယ်။

### ပြည်နယ်နဲ့တိုင်းအလိုက် ဖမ်းဆီးအရေးယူခံရသူဦးရေ




Source: Data for Myanmar (D4M) • Created with Datawrapper


**မြို့နယ်အလိုက်** ကြည့်မယ်ဆိုရင် စစ်အာဏာသိမ်း ငါးနှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံထဲက မြို့နယ်ပေါင်း ၂၂၇ မြို့နယ်မှာ ဖမ်းဆီးအရေးယူမှုတွေရှိခဲ့တာ တွေ့ရပါတယ်။ ဖမ်းဆီးခံရသူ ၄၀ ဦးနဲ့ အထက်ရှိတဲ့ မြို့နယ်တွေကတော့ ပဲခူးမြို့နယ် (၉၇ ဦး)၊ ချမ်းမြသာစည်မြို့နယ် (၆၂ ဦး)၊ ပြည်မြို့နယ် (၄၈ ဦး)၊ မြောက်ဥက္ကလာပမြို့နယ် (၄၈ ဦး)၊ အောင်မြေသာဇံမြို့နယ် (၄၃ ဦး)၊ မဟာအောင်မြေမြို့နယ် (၄၃ ဦး)နဲ့ တောင်ကြီးမြို့နယ် (၄၁ ဦး) တို့ ဖြစ်ပါတယ်။

**ကျား/မအလိုက်** ဖမ်းဆီးခံရမှုကို ကြည့်ရင် အမျိုးသမီး ၇၁၄ ဦးနဲ့ အမျိုးသား ၁,၃၁၅ ဦး ဖမ်းဆီးခံခဲ့ရပါတယ်။

**အသုံးပြုတဲ့ လူမှုကွန်ယက်ပလက်ဖောင်းအလိုက်** ကြည့်မယ်ဆိုရင် Facebook ပေါ်မှာ ရေးသားမျှဝေမှုတွေကြောင့် ဖမ်းဆီးခံရသူ ၁,၈၄၇ ဦးနဲ့ TikTok ပေါ်မှာ ရေးသားမျှဝေမှုတွေကြောင့် ၁၅၁ ဦး၊ Viber အသုံးပြုသူ ၃ ဦးနဲ့ Telegram အသုံးပြုသူ ၅ ဦး ရှိကြောင်း တွေ့ရပါတယ်။ ကျန်တဲ့ ၂၃ ဦးကတော့ အွန်လိုင်း ပလက်ဖောင်းတစ်ခုတည်းမဟုတ်ဘဲ Facebook, TikTok, Telegram, Viber, YouTube စတဲ့ တစ်ခုထက်ပိုတဲ့ ပလက်ဖောင်းတွေမှာ ရေးသားမျှဝေတာတွေကြောင့် ဖမ်းဆီး အရေးယူခံရတာဖြစ်ပါတယ်။

၂၀၂၆ ခုနှစ်အတွင်းမှာ လုံခြုံရေးထိပါးမှုမဟုတ်ဘဲ နိုင်ငံရေးအမြင်သဘောထားမတူတဲ့ မှတ်ချက်ပေးမှု၊ မျှဝေမှုတွေကိုပါ ဖမ်းဆီးအရေးယူတဲ့ဖြစ်စဉ်တွေလည်း ပါဝင်လာတာ တွေ့ရပါတယ်။ ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ်မှာ ဖြစ်ပွားနေတဲ့ ရေကြီးမှုဖြစ်စဉ်နဲ့ ၂၀၁၅ တုန်းက ပဲခူးမြို့ ရေကြီးမှုဖြစ်စဉ်နှစ်ခုကို နှိုင်းယှဉ်ပြီး အစိုးရနှစ်ရပ်ရဲ့ မတူညီတဲ့ တုန့်ပြန်ဆောင်ရွက်မှုတွေအကြောင်း ဗွီဒီယိုမျှဝေခဲ့လို့ လှိုင်သာယာမြို့နယ်က အမျိုးသား တစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးအရေးယူခဲ့ပါတယ်။ ဒါ့အပြင် ဦးမင်းအောင်လှိုင်ကို ဂုဏ်ပြုသီဆိုထားတဲ့ “လရောင်အောက်က ကုမုဒြာ” သီချင်းကို Facebook Page တစ်ခုအောက်မှာ မှတ်ချက်ပေးခဲ့လို့ တောင်ကြီးမြို့နယ်က အမျိုးသမီးတစ်ဦးကိုလည်း ဖမ်းဆီးအရေးယူခဲ့ပါတယ်။

### ဖမ်းဆီးအရေးယူမှုတွေ ရှိခဲ့တဲ့ မြို့နယ်များ




Source: Data for Myanmar (D4M) • Created with Datawrapper

## ၃။ အကြံပြုချက်များ

- သက်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ လူတစ်ဦးချင်းရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို အကာအကွယ်ပေးသင့်ပါတယ်။
- အွန်လိုင်း အသုံးပြုသူတွေ အနေနဲ့ လူမျိုးရေး၊ ဘာသာရေး ဆိုင်ရာ အမုန်းစကားများနဲ့ အရပ်သား ပြည်သူတွေ ထိခိုက် သေဆုံးနိုင်တဲ့ ရေးသားမျှဝေမှုတွေ မပြုလုပ်မိအောင် စောင့်ထိန်းသင့်ပါတယ်။
- အွန်လိုင်းအသုံးပြုသူတွေအနေနဲ့ အွန်လိုင်းပေါ်မှာ ကိုယ့်ရဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေ ဘေးကင်းလုံခြုံမှုရှိအောင် သတိထားသုံးစွဲသင့်ပါတယ်။
- အွန်လိုင်းအသုံးပြုသူတွေအနေနဲ့ ခရီးသွားမသွားမီ မိမိရဲ့ အချက်အလက်လုံခြုံရေးနဲ့ ဘေးကင်းလုံခြုံရေး အစီအမံတွေ သေချာပြင်ဆင်သင့်ပါတယ်။

## ၄။ အချက်အလက်ကောက်ယူတဲ့ နည်းစနစ်နဲ့ ကန့်သတ်ချက်များ

စစ်ကောင်စီ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝဘ်ဆိုဒ်စာမျက်နှာ[1] နဲ့ သတင်းစာတွေ[2]ကနေ ဖော်ပြတဲ့ အချက်အလက်တွေကို ပြန်လည် စိစစ်ပြီး အချက်အလက် ရေးသွင်းထားခြင်း ဖြစ်ပါတယ်။ နာမည်တူ၊ နေရပ်တူ၊ နေ့ရက်တူပြီး နှစ်ကြိမ် ထပ်နေတဲ့သူတွေကို တစ်ကြိမ်သာ ရေတွက်ထားပါတယ်။ လူနာမည် မပါတဲ့ ပိုင်ရှင်(စိစစ်ဆဲ) ဖမ်းဆီးခံရသူတွေကို ထည့်သွင်းရေတွက် မထားပါဘူး။

၂၀၂၅ ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲ အကာအကွယ်ပေးရေး ဥပဒေနဲ့ ဖမ်းဆီးခံရသူတွေကိုတော့ ယခုစာရင်းထဲမှာ ထည့်သွင်းရေတွက်ထားခြင်းမရှိပါဘူး။

ဖမ်းဆီးခံရသူတွေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က ဆက်လက် အရေးယူမှု အခြေအနေ၊ ပြန်လည် လွတ်မြောက်လာခြင်း ရှိမရှိနဲ့ သူတို့ရဲ့ နောက်ဆုံးအခြေအနေ စတဲ့ တစ်ဦးချင်း အသေးစိတ်အချက်အလက်တွေကိုတော့ Data for Myanmar အနေနဲ့ မသိရှိပါဘူး။

## ၅။ အဖွဲ့အကြောင်း

Data for Myanmar (D4M) က လွတ်လပ်တဲ့ သုတေသန အဖွဲ့တစ်ခုဖြစ်ပြီး အများပြည်သူတွေအတွက် အကျိုးရှိပြီး သိသင့်တဲ့ အချက်အလက်တွေကို ရင်းမြစ်မျိုးစုံကနေ စုစည်းပြီး လေ့လာဆန်းစစ် တင်ပြနေပါတယ်။

**ဆက်သွယ်ရန်**

Email: data4myanmar@gmail.com

Facebook Page: https://www.facebook.com/data4myanmar

[1] https://www.moi.gov.mm

[2] https://www.mdn.gov.mm/newspaper/public/